

# (ယက္ခ)ရဲကြီး

# မောင်ဖိုးချို စာစုများ



AHM
2015

# မောင်ဖိုးချိုနှင့် ပလုတ်တုတ်



## မောင်ဖိုးချိုနှင့် ပလုတ်တုတ်

မောင်ဖိုးချိုသည် ငယ်စဉ်က ပလုတ်တုတ်ကို အလွန်ကြိုက်သည်။ မည်မျှလောက်အထိ ကြိုက်ရပါသနည်းဟူမူ မည်သူမျှ မကြားနိုင်လောက်အောင် ဝေးသေးသော ပလုတ်တုတ်သည်၏ ပလုတ်တုတ်ခေါက်သံကို သူ တစ်ဦးတည်း ကြားနိုင်သည့်အထိ ဖြစ်လေသည်။ တစ်အိမ်သားလုံး သြချကြရသည်။ နောင်အခါများတွင် "ပလုတ်တုတ်သည်လာပြီ" ဟု မောင်ဖိုးချိုက ပြောလျှင် အားလုံးက ယုံယုံကြည်ကြည်နှင့် ပိုက်ဆံကိုင်ကာ ပလုတ်တုတ်သည်ကို စောင့်ကြလေတော့သည်။ မောင်ဖိုးချိုအား ပလုတ်တုတ်မဝယ်ပေးပဲနေ၍ မဖြစ်နိုင်ကြောင်း သူတို့သိပြီဖြစ်လေတော့သည်။

မောင်ဖိုးချိုသည် သူ၏ ပလုတ်တုတ်ကလေးများကို တယုတယ သိမ်းလေ့ရှိသည်။ အလွန်မြင်ပြင်းကတ်ဖွယ်ကောင်းသော ကြွက်များသည် မောင်ဖိုးချိုအား ချစ်၍ ပင် ကျီစယ်ကြ သလော မဆိုနိုင်။ အမြဲလိုပင် ပလုတ်တုတ်တုတ်လက်တံကလေးများကို မောင်ဖိုးချို အိပ်ပျော်စဉ် တွင် ကိုက်ဖြတ်ကြလေသည်။ မနက်နိုးလျှင် မောင်ဖိုးချို၏ အာပြဲနှင့် ငိုသံကို တစ်အိမ်သားလုံး နေ့တစ်ဝက်ခန့် နားသောတဆင်ကြရတော့သည်။ ဖုံလက်တံမရှိတော့သော ပလုတ်တုတ်က အသံမထွက်နိုင်သမျှ မောင်ဖိုးချိုက အတိုးချကာ ငိုမြဲတည်း။

ပလုတ်တုတ်သည် မပေါ်လာကြာသောအခါများတွင် မောင်ဖိုးချိုသည် သူ့ဘာသာ ပလုတ်တုတ်များကို ကိုယ်တိုင်ထုတ်လုပ်လေ၏ ။ သို့ပြား သူ၏ စက်ရုံထွက် ပလုတ်တုတ်များမှာ အသံထွက်လေ့မရှိသဖြင့် သူကိုယ်တိုင် မနှစ်ခြိုက်လှပေ။ ထွက်သောအခါများတွင် "ဘတ် ဘတ်" ဟုသာ မြည်လေ့ရှိ၏ ။

တစ်ခါသော် ပလုတ်တုတ်အသစ်လေးတစ်ခုအား ကြွက်ရန်မှ ကာကွယ်ရန် အလို့ငှာ သူ၏ အိပ်ရာအတွင်းသွင်းပြီး ကိုယ်နှင့်မကွာ အိပ်စက်လေ၏။ မနက်နိုးလေသော် ပလုတ်တုတ်မှာ ပြားနေလေပြီ။ ယူကျုံးမရ ဒေါသထွက်လွန်းလှသော မောင်ဖိုးချိုသည် တစ်အိမ်သားလုံးအား လက်သီးနှင့် လိုက်ထိုးပေတော့သည်။ ပတ်ပြေးနေရသော သူ့အစ်ကိုမှ ပလုတ်တုတ်အပျက်ကို ကိုင်ပြပြီး "အခုမှ မောင်ဖိုးချိုလုပ်တဲ့ ပလုတ်တုတ်နဲ့ တူသွားတော့တယ်၊ တဘတ်ဘတ်နဲ့" ဟု ဆွလေရာ ထိုအစ်ကိုအား လက်သီးအလှူကျွေးပြီးသကာလ တစ်လခန့်ကြာ အောင် စကားမပြောဘဲ စိတ်ကောက်လေတော့သည်။

တစ်နေ့သော် လူကြီးဖြစ်နေပြီဖြစ်သော မောင်ဖိုးချိုသည် သူ၏ အစ်မအိမ်သို့ အလည်ရောက်လေ၏။ တူတော်မောင် "စမုံ" ကား အိမ်ရှေ့ခန်းတွင် ငြိမ်နေပေသည်။ ကျောင်းမသွားဘူးလား မေးသောအခါ ကျောင်းပိတ်ရက်ပင် မသိသော မောင်ဖိုးချိုအား သနားစဖွယ် သတ္တဝါပေလောဟု ထင်မြင်ဟန်နှင့် ဦးခေါင်းကို လေးပင်စွာ ခါရမ်းပြလေ၏။ သူ၏ လက်ထဲမှ ပြည်ပနိုင်ငံလုပ် အကောင်းစားပလုတ်တုတ်ရုပ်ကို လှုပ်ပြကာ ပြောင်လေ၏။

"ပလုံ တလုံ ပလုံ တလုံ . . ."

မောင်ဖိုးချိုသည် အံ့ဩခြင်းကြီးစွာဖြစ်ပြီးလျှင် သူ၏ တူကလေးထံမှ နိုင်ငံခြားဖြစ် ပလုတ်တုတ်ကို လုမယူရုံတမည် တောင်းယူကြည့်ရှုလေတော့သည်။ အလွန်လှသော ပလုတ်တုတ်ပါပေ။ အလွန်အသံသာသော ပလုတ်တုတ်ပါပေ။ အလွန်နှစ်လိုဖွယ်ကောင်းသော ပလုတ်တုတ်ပါပေ။ မောင်ဖိုးချို၏ စိတ်၌ သူကြိုက်သော တီဗွီကြော်ငြာမော်ဒယ်ကလေးအား မျက်ဝါးထင်ထင် ကိုင်တွယ်ပွတ်သပ်ရဘိသည့်အလား ခံစားရရှာ၏။ ရယူပိုင်ဆိုင်လိုစိတ်သည် ပြင်းစွာပေါ်ပေါက်လေ၏။ သူ့ဦးလေး၏ မဟန်သော အမူအရာကို ရိပ်မိပုံရသော စမုံက ပြန်တောင်းသောအခါမှ မောင်ဖိုးချိုသည် ကလေးမဟုတ်တော့သော သူ၏ စိတ်ကို အခါခါချိုးနှိမ်လျက် ပလုတ်တုတ်ကလေးကို ရမ်းရင်းက

ပြန်ပေးရတော့သည်။

“ဒီပလုတ်တုတ်ကလေး ဘယ်ကရတာ တုန်း စမုံ”

“ဘာကြီး”

“ဒီပလုတ်တုတ်ကလေးဟာလေ . . . ဘယ်က ဝယ်တာတုန်း”

“ပ လုတ် တုတ် . . .”

“အေးလေ . . . ပလုတ်တုတ်”

“ပလုတ်တုတ် မဟုတ်ပါဘူး . . . ဒါ တလုံတလုံလို့ ခေါ်တယ်”

“ဘာရယ် . . .”

“တလုံ တလုံ”

“မင့် ဘယ်သူပြောတုန်း . . . ပလုတ်တုတ်ဥစ္စာကို”

“အမေပြောတာ၊ တလုံတလုံ . . . ဘယ်က ပလုတ်တုတ်ရမှာလဲ၊ နာမည်ကိုက ဘာကြီးမှန်းမသိ”

မောင်ဖိုးချို အောင့်ခနဲနေအောင် ခံစားရ၏ ။ စပ်ဖျဉ်းဖျဉ်းလည်းဖြစ်၏ ။ မိမိတစ်သက်လုံး နှစ်သက်မြတ်နိုးခဲ့ရသော ထိုအရုပ်သည် ဧကန်ပလုတ်တုတ်ပင် ဖြစ်ရပေမည်။ အင်္ဂလိပ်ဘင်နှင့်တူ သော ဗုံကလေးပါ၏ ။ ကြွက်များ သိပ်ကြိုက်တတ်သော အသီးကလေးနှင့် ကြိုးလက်တံကလေး နှစ်ခု တစ်ဖက်စီပါ၏ ။ ကိုင်ရသော တုတ်တံပါ၏ ။ ငယ်စဉ်က ဆော့ဘူးသော ပလုတ်တုတ်များထက် အနည်းငယ်ပိုကြီးပြီး ပိုကောင်း ပိုကြာကြာခံသော ပလတ်စတစ်များ အစားထိုးအသုံးပြုထားသော်လည်း မျက်စိရှေ့မှ ဤအရုပ်သည် ပလုတ်တုတ်ပင် ဖြစ်ပေသည်။ အခြားတိုင်းပြည်များတွင်လည်း ပလုတ်တုတ်ရှိကြောင်း မကြားဘူးချေ။ ယခု မိမိ၏ တူဖြစ်သူကပင် ဦးလေးအသည်းစွဲအရုပ်အား “တလုံ တလုံ” ဆိုချေသည်တကား။ တလုံ တလုံ အသံသည် မိမိအား လှောင်နေသကဲ့သို့

ထင်မိလေ၏။ မိမိထက်များစွာ နောက်ကျပြီးမှ ထမင်းစားလာရသော တူတော်မောင်နှင့် ဆက်မငြင်းလိုသဖြင့် သူ၏ အမေအား ခေါ်ရလေသည်။

“အစ်မ . . . အစ်မရေ . . . အစ်မ”

“ဘာလဲ ဖိုးချို . . . မအားသေးလို့ ခဏနေဦး”

မီးဖိုချောင်ထဲမှ သူ့အမေအသံကို ကြားသောအခါ စမုံက သူ့အား လက်ချာဆက်ရိုက်ရန် ပြင်တော့သည်။

“ဦးချိုက မယုံလို့လား၊ သူ့အထုပ်မှာကို ရေးထားတာ”

“ဘာအထုပ်လဲ၊ ဘာရေးတာလဲ”

“ပါကင်ထုပ်မှာလေ . . . အင်္ဂလိပ်လိုရေးထားတာ၊ အမေ ဖတ်ပြတယ်၊ တလုံ တလုံတဲ့”

“တော်ပါကွာ . . . မင်း တလုံ တလုံ”

“တော်ဘူး . . . တလုံ တလုံ တလုံ တလုံ”

“နားညည်းလိုက်တာဟယ်”

“ဂလောက်”

တလုံနေသော စမုံ၏ ခေါင်းပေါ်သို့ မီးဖိုချောင်မှထွက်လာသော သူ့အမေ၏ လက်က ဒေါက်ခနဲကျ၏။ စမုံလည်း ရှုံ့မဲ့ပြီး တလုံသံလည်း တိတ်လေ၏။ ငယ်စဉ်က တစ်အိမ်လုံး စိတ်ကြိုက်အော်ဟစ်သောင်းကျန်းခွင့်ရသော မိမိကိုယ်နှင့် ယှဉ်တွေးမိသောအခါ မောင်ဖိုးချိုသည် တူတော်မောင်ကို သနားသွား၏။ ချက်ချင်းပင် ခမျာကလေးများ၏ ‘ခေတ်’ ကို စာနာစိတ်ဝင်မိလေ သည်။

“ဘာလဲ ဖိုးချို”

“အစ်မသားက ပလုတ်တုတ်ကို တလုံ တလုံ ဆိုပါလား၊ အစ်မ

သင်ပေးထားတာလား”

“ဟုတ်ပါဘူးဟယ်၊ စာရွက်ပေါ်ရေးထားတာ ပြောပြတာပေါ့၊ ပလုတ်တုတ်လည်း သူတို့ မကြားဘူးကြတော့ပါဘူး”

“အဲဒါပြောတာပေါ့ . . . ကျွန်တော်တို့က သင်ပေးရမှာပေါ့ အစ်မရဲ့၊ မဟုတ်ရင် တိမ်ကောပြီပေါ့၊ အခုတောင် ပလုတ်တုတ်ဆိုတာ ဘာမှန်းမသိတော့ဘူး၊ ကျွန်တော်တို့ရိုးရာအရုပ် မဟုတ်လား၊ သူတို့ကလေးတွေ ဒါကိုတန်ဖိုးထား . . .”

“ဟဲ့ . . . အခုကော နင့်ပလုတ်တုတ်က ဘယ်မှာရှိတော့လို့လဲ၊ ပျောက်တာကြာလှပေါ့၊ အခု နင်ပြောစရာ ကြည့်စရာရှိတာတောင် သူများနိုင်ငံက လုပ်လို့၊ တုလုပ်လုပ် ခိုးလုပ်လုပ် . . . သူတို့လုပ်လို့ နင် အခုတွေ့ရတာ ၊ နင့်တူဆော့ရတာ ၊ နို့မို့ နင်လည်း ပလုတ်တုတ်ဆိုတာ သတိတောင် ရရမှာ မဟုတ်ဘူး . . . မောလိုက်တာ”

“. . .”

“နောက်ပြီး ငါက ပလုတ်တုတ်ပြောတော့ နင့်တူ လူတတ်ကြီးက မေးတယ်၊ ဘယ်မှာရေးထားတာလဲတဲ့။ ကဲ . . . သူတို့ရေးထားပေးတာ သူတို့နာမည်ပေါ့ဟယ်၊ ကိုယ်မှ မလုပ်နိုင်တော့ဘဲ၊ လုပ်တဲ့လူ ပေးတဲ့နာမည်ကိုလည်း ပြောကောင်းပါတယ်၊ အရေးကြီးတာက ဆော့ရဖို့၊ ဆော့ကောင်းဖို့ မဟုတ်ဘူးလား။ ပလုတ်တုတ်ဖြစ်ဖြစ် . . . ပလုံ ပလုံဖြစ်ဖြစ်”

“ပလုံ ပလုံ မဟုတ်ဘူး အမေ . . . တလုံ တလုံ”

“အေး . . . တလုံ တလုံဖြစ်ပြီး၊ ပလုတ်တုတ်ဖြစ်ဖြစ် လက်ရှိဆော့ဖို့ပဲ၊ ပလုတ်တုတ်ဆိုပြီး ရှိလည်း မရှိတော့၊ ဆော့လို့လည်း မရတာ ထက်စာရင် အခုရှိတာက ဆော့လို့ရတယ်၊ အသံထွက်ဖို့ ဆော့လို့ရဖို့က လိုရင်းပဲလေ၊ တော်ပြီ တော်ပြီ . . . အလကား”

မောင်ဖိုးချိုစိတ်ထဲတွင် ခုထစ်မြဲ ခုထစ်နေလေသည်။ အစ်မကြီး အမိရာမို့ ပြန်ပြော ငြင်းခုံနေရန်လည်း မဝံ့။ သူကလည်း မိမိကို ငြင်းခုံဖက် သဘောထားမည် မဟုတ်ချေ။ ငြင်းခုံခွင့်ပေးလျှင်ပင် သူ့အဆိုများကြောင်း ပြောရန် မောင်ဖိုးချိုမှာ မသေချာလှပေ။ မကြိုက်သည်မှ လွဲ၍ မှားသည် မှန်သည် မောင်ဖိုးချို မပြောတတ်ချေ။

"မကြီးမငယ်နဲ့ . . . လူကြီးလိုနေစမ်း ဖိုးချို"

မောင်ဖိုးချိုသည် ခေါင်းကို နှစ်ချက် သုံးချက် ကုတ်ပြီးနောက် ဘေးနားမှ သတင်းစာကို ကောက်ကိုင်လေ၏ ။ စိတ်ရှုပ်၍ လည်း ဖြစ်သည်။ လူကြီးလိုနေရန်လည်း ဖြစ်သည်။

သတင်းစာတွင် "ဗမာ" နှင့် "မြန်မာ" အချေအတင်ပွဲကြီးကို တွေ့ရလေ၏ ။ မောင်ဖိုးချိုသည် မနေနိုင် မထိုင်နိုင် ပြုံးမိလေသည်။ ပါးစပ်မှ အသံများပင် ထွက်၏ ။

"ဟီး ဟီး . . . ပလုတ်တုတ်တွေ"

ဆော့နေသော စမုံက သူ့အား မျက်လုံးထောင့်ကပ်ပြီး လှမ်းကြည့်နေကြောင်း သတိပြုမိသည်နှင့် မျက်နှာပိုးသတ်ကာ ပြန်ပြင်ရေရွတ်ရှာသတည်း။

"တလုံ တလုံတွေ"

(ယက္ခ) ရဲကြီး

၅၊ ၁၀၊ ၂၀၁၃။

# မောင်ဖိုးချိုနှင့်
# ဗေဒါရီ



## မောင်ဖိုးချိုနှင့် ဗေဒါရီ

'လူပျိုကြီး' ဟု မကြားတကြား အခေါ်ခံရပြီဖြစ်သော မောင်ဖိုးချိုသည် မိန်းမငယ်ချောချော ကလေးများအား ရှေးကထက်တိုး၍ မရိုးနိုင်အောင်ပင် ကရုဏာသက်ဝင်မိလျက် ရှိတော့သည်။

တစ်နေ့သော် ရှမ်းပြည်နယ်ဘက်၌ တာဝန်ကျလျက်ရှိသော ညီအစ်ကိုတော်တစ်ဦးက မောင်ဖိုးချိုအတွက် ခေါင်ရည်ကို ဘူးသီးခြောက်ဘူးတောင်းနှင့် ထည့်၍ လူကြုံပို့လိုက်လေသည်။ မောင်ဖိုးချိုမှာ ခေါင်ရည်ထက် ဘူးတောင်းခြောက်ကို ပိုသဘောကျ၏။ စေ့စေ့စပ်စပ် လေ့လာ၏။ အတော်ပင် နှစ်လိုလျက်ရှိရာ နှောင်အခါ ရေကိုပင် ဘူးတောင်းခြောက်နှင့် သောက်တော့မည်ကြံ၏။

"အရမ်းကောင်းတယ်၊ တကယ့်သဘာဝပစ္စည်းကလေးပဲ၊ ကော်ဘူးပလတ်စတစ်ဘူးတွေ ဟာ လူတွေကို အဆိပ်အတောက်ဖြစ်စေပါတယ်လို့ ဒီလောက်ပြောပြောနေတာ အမေ မကြားဘူးလား၊ ကမ္ဘာကြီးကို ကျွန်တော်တို့ဘက်က တစ်လှည့်ပြန်ပြီး ကြည့်ရှုစောင့်ရှောက်ကြဖို့ အချိန်တန်ပြီ အမေရဲ့၊ ကမ္ဘာမြေကြီးက ကျွန်တော်တို့ လူသားတွေကို ကျွေးမွေးလာခဲ့တာ ဘယ်လောက်ကြာပြီလဲ။ ကဲ . . . အခု ကမ္ဘာကြီး နာမကျန်းတဲ့အချိန်မှာ ကျွန်တော်တို့က တစ်လှည့်ပြန် သိတတ်ကြရမယ် အမေရဲ့"

"နင့်တစ်သက်လုံး ကျွေးမွေးလာခဲ့တဲ့ ငါ့ကိုသာ သိတတ်စမ်းပါဟယ်၊ ကမ္ဘာနဲ့ ဘူးသီးခြောက်နဲ့က ဘာတွေဆိုင်လို့တုန်း"

"ဆိုင်ပြီပေါ့ အမေရာ၊ အမေ့ကို သိတတ်လို့ ခု ကျွန်တော် အိမ်မှာရှိတဲ့

ရေသန့်ဘူးတွေ လွှင့်ပစ်ပြီး ဘူးတောင်းခြောက်တွေ သုံးဖို့ လုပ်နေတာပေ့ါ၊ အဲဒီ ပလတ်စတစ်ရေသန့်ဘူးတွေဟာ လူတွေကို ကင်ဆာဖြစ်စေသတဲ့၊ မကျေမပျက်ဘဲ မြေဆီလွှာတွေကို ထိခိုက်ပြီး ပတ်ဝန်းကျင်ဂေဟ စနစ်တွေကို ပျက်စီးစေသတဲ့၊ အမေ သိရဲ့လား”

“ပေါက်ကရအေ . . . ကင်ဆာဖြစ်မှာတော့ ဘယ်သူက ဒီလောက် အများကြီး ထုတ်ပဲ့မတုန်း”

“တကယ်တဲ့နော် အမေ၊ ဆရာဝန်တွေကလည်း ပြောတယ်၊ တစ်ခါသောက်ပြီး လွှင့်ပစ်လိုက်မယ်ဆိုရင်တော့ မဖြစ်ဘူးနေမှာပေ့ါဗျာ၊ တကယ်က ဒီဘူးတွေက လမ်းသွား၊ ခရီးသွား တစ်ခါသောက်ပြီး လွှင့်ပစ်ဖို့တဲ့ဗျ၊ ကျွန်တော်တို့က အဲဒါကို လွှင့်မပစ်ဘဲ ကားထဲမှာထား၊ ရေခဲသေတ္တာထဲမှာထားတော့ ဖြစ်ကရောပဲတဲ့”

“ဘာဖြစ်တာလဲ”

“ကင်ဆာဖြစ်တာလေ၊ ပူလွန်း အေးလွန်းရင် အဲဒီ ပလတ်စတစ်တွေကနေ ကင်ဆာဖြစ်စေတဲ့ ဓာတုပစ္စည်းတွေ ထွက်လာတယ်တဲ့၊ ရေထဲကိုရောက် . . . ကျွန်တော်တို့က သောက်တော့ ကင်ဆာဖြစ်”

“နင်တို့ခေတ်ကြီးကိုက ရှုပ်ထာပါအေ၊ ငတို့ခေတ်များ ပလတ်စတစ်လည်း မရှိ၊ ကင်ဆာလည်း မရှိ၊ အေးလို့၊ ချမ်းလို့”

“မအေးပါဘူး၊ ဒီလောက် စစ်ဖြစ်တဲ့ဟာ၊ ဘာတဲ့ ရောင်စုံဆိုလား”

“အောင်မယ် . . . ခုတော့ကော ရောင်မစုံတော့လို့လား၊ ခုတော့ကော မတိုက်ကြလို့လား၊ တိမ်းရှောင်ဆိုတာက ပါသေး၊ ဘာမှန်းကိုမသိဘူး၊ ရှုပ်လိုက်တဲ့ ခေတ်နှယ်”

“ကားထဲမှာထားတဲ့ ရေဘူးတွေကတော့ တကယ်ပူတယ်နော် အမေ၊

ကျွန်တော်တော့ ဒီလို ဘူးတောင်းခြောက်တွေပဲ ကားထဲထားတော့မယ် . . . သိလား”

“သောက်ကျိုးနည်းအေ . . . ကားနဲ့ဘူးတောင်းခြောက်နဲ့ . . . အဓိပ္ပာယ်မရှိ”

“အာ . . . အမေကလည်း ကားထဲမှာထားတဲ့ ရေဘူးတွေကမှ အရမ်းအန္တရာယ်ကြီးတာတဲ့ဗျ၊ ကင်ဆာဓာတ်တွေ သိပ်ထွက်တာတဲ့၊ ကျွန်တော်တော့ အစ်ကို့ဆီတောင် ဘူးတောင်းခြောက်တွေ ဝယ်စုထားဖို့ ပြောလိုက်ပြီ၊ တစ်ခုပဲ ခက်တာက အဂကို ပိတ်ရတာ မလွယ်ဘူးဖြစ်နေတယ်”

“ဘူးတောင်းပါဆို ဘယ်လိုလုပ်လွယ်မှာလဲ၊ ဘူးဆို့နဲ့ပဲ ဆိုရတာ ပေါ့၊ ဘယ့်နှယ်လုပ် အဆင်ပြေမှာတုန်း၊ ဗေဒါရီထဲကလို လုပ်ပေါ့အေ”

“ဘယ်ထဲကလို . . . ဘယ်လိုလုပ်ရမယ်”

“ဗေဒါရီဇာတ်ထဲကလိုလေ၊ အပေါက်သေးသေးလေးပဲ ဖောက်ထားလိုက်၊ အဲဒါဆို နင်ပိတ်ရလွယ်ပြီပေါ့”

“အာ . . . ဘယ်လိုလုပ် ရေပြန်ထည့်မလဲ အမေရဲ့၊ တော်ပါဗျာ . . . အဲဒီ ဇာတ်ကိုက ပုံစံမကျတာ၊ ကျွန်တော် သိပ်မုန်းတာပဲ အဲဒီ ဇာတ်ထုပ်”

“ဘာလို့လဲ”

“အင် . . . အမေ စဉ်းစားကြည့်လေ၊ ဘူးတောင်းခြောက်ကို အဲဒီ လို ပိကျိအပေါက်လေး ဖောက်ပြီး ရေခပ်ခိုင်းတယ်ဗျာ၊ ကောင်မလေးမှာ တစ်နေ့လုံး နေပူထဲ ရေထိုင်ခပ်နေရမယ့်ဒုက္ခများ တွေးကြည့်စမ်းပါ၊ တစ်ရက်နှစ်ရက်လည်း မဟုတ်ဘူး၊ နေ့တိုင်းနော်၊ လက်တွေများ ပဲကြီးရေတွန့်လိုက်မယ့်ဖြစ်ခြင်း၊ အဲဒီ ဗေဒါရီကလည်း နည်းနည်းကလေးမှ ဦးနှောက်မရှိဘူးလား မသိ၊ သူများလာချဲ့ပေးတော့မှပဲ အပေါက်ကျယ်ကျယ်နဲ့ ခပ်ရတော့သတဲ့၊ ကိုယ့်ဘာသာ ချဲ့လိုက်ဖို့တောင် မတွေးတတ်မှတော့ တော်တော်ကြီးကို တုံးမယ့်အပေါက်ပဲဗျာ၊

အပေါက်ချဲ့လာလို့ ရသေ့က ဒေါသထွက်ပြီး ကောင်မလေးကို ရိုက်သေးဆိုပဲ၊ ပြောတော့ တောထဲမှာ တရားကျင့်တဲ့ ရသေ့တဲ့ဗျာ၊ ပိုဆိုးတာက ရေခပ်ခိုင်းရတဲ့အကြောင်းက ရသေ့ကြီးနဲ့ ကျောင်းမှာ အတူနေဖို့ မသင့်တော်လို့ဆိုပဲ၊ ဟာဗျာ . .. တကယ်ချာတဲ့ ဇာတ်ထုပ်ကြီးပါ၊ အဓိပ္ပာယ် မရှိ၊ မယောင်ရာဆီလူးချည်းပဲ၊ ဘယ်သမင်ကများ တောထဲမှာ လူသေးကို သွားသောက်မှာတုန်းဗျာ၊ ဘယ်လောက်ရေငတ်ငတ်၊ အရွက်တွေ စားမှာပေ့ါ၊ ပြီးတော့ သေးကို သောက်မိတာနဲ့ပဲ ဗိုက်ကြီးရသေးဆိုပဲ၊ ဒီပုံပြင်စထွင်တဲ့လူ တကယ်ညံ့တာပါဗျာ”

“ပုံပြင်မဟုတ်ဘူး ဘုရားဟောဇာတ်တော်၊ ပေါက်ကရတွေလျှောက်မပြောနဲ့”

“ဟာ . . . အဲဒါ ဘုရားဟောဇာတ်မဟုတ်ဘူးလေ အမေ၊ ခက်တာပဲ အမေတို့နဲ့တော့”

“ဟောဟော မဟောဟော ရှေးလူကြီးတွေ ထားခဲ့တဲ့ စကားတဘောင်ဆိုတာ မပယ်ကောင်းဘူး၊ ငရဲကြီးတတ်တယ်”

“ကြီးပါစေဗျာ၊ ဒီလိုမဟုတ်မဟတ် လော်လည်တဲ့ဇာတ်မျိုး ကျွန်တော်တို့ ရာဇဝင်ထဲကသာ ပျောက်သွားမယ်ဆို ကျွန်တော် တစ်ယောက်တည်း ငရဲကြီးခံလိုက်မယ်”

“ဟဲ့ . . . ရှေးလူကြီးတွေဆိုတာ အကျိုးမရှိဘဲ အလကား ဘယ်ပြောပ့ါမတုန်း၊ တစ်ခုခု အကျိုးကျေးဇူးပြုနိုင်လို့သာ စာများ၊ စကားများ ချန်ခဲ့တာပေ့ါ၊ နင့်ဉာဏ်လေး တစ်ထွာတစ်မိုက်နဲ့ ရှေးလူကြီးတွေကို မဝေဖန်စမ်းနဲ့”

“ခက်တာပဲ . . . တစ်ခါလာ ရှေးလူကြီး၊ ရှေးလူကြီးနဲ့ပဲ ဗီတိုထိနေတော့တာပဲ။ တော်ပြီ အမေ . . . ဘူးဆို့သွားရှာတော့မယ်။ ဘူးတောင်းခြောက် ရေတကောင်းတွေ လုပ်ရမယ်”

“နင်လည်း ဗေဒါရီထဲက ရသေ့နဲ့ မထူးပါဘူး၊ မယောင်ရာဆီလူးပဲ”

“ဘယ့်နှယ် တူရမှာတုန်း အမေရယ်၊ ကျွန်တော်က သိပ္ပံနည်းကျ အခိပ္ပာယ်ရှိလွန်းလို့ တစ်မိသားစုလုံး ကျန်းမာရေးအတွက် ခုလို တကူးတက . . .က . . .”

“တော်ပါအေ . . . ပလတ်စတစ်ရေဘူးထက် ဆိုးတာတွေမှ ပုံလို့၊ ဘယ်မလဲ ဘေးကင်းတဲ့ ဆီ၊ ဘယ်မလဲ ဘေးကင်းတဲ့ မုန့်ဟင်းခါး၊ ဘယ်မလဲ ဘေးကင်းတဲ့ ဟင်းရွက်၊ ရေတောင် စိတ်မချရတော့တဲ့ခေတ်၊ ငါးပိတောင် စိတ်မချရတဲ့ခေတ်၊ ဆုတ်ကပ်ဆိုတာများ အမှန်ပဲ၊ ရှေးလူကြီးတွေ ပြောခဲ့တာတွေ မှန်လိုက်တာ၊ လောဘဇောတိုက်နေလိုက်ကြတဲ့လူတွေ . . . အသီးအနှံတွေ မှည့်နေလို့လည်း မယုံရ၊ မှည့်ဆေးရှိသတဲ့၊ အနံ့လေးသင်းလို့လည်း မယုံရ၊ အနံ့ထည့်လို့ရသတဲ့၊ အသားများလည်း ပေါလိုက်တဲ့ ရောဂါတွေ၊ ကြက်တုပ်ကွေးတဲ့၊ အိုအေ . . . ပြောလို့တောင် မကုန်ပါဘူး၊ နင် သိပါတယ်၊ ဟိုတလောက ငါ့လာပြောတာ ဘာရယ် ကြက်ဥအတုဆို၊ ဒါနဲ့များ . . . ဒီပလတ်စတစ်ရေဘူးလေးတစ်ခု နင်ဖယ်နိုင်လို့ ဘယ်လောက်များ ထူးလုံသွားမှာတဲ့တုန်း၊ သေစရာ ဒီလောက်ပေါတဲ့ နင်တို့ခေတ်မှာ”

“ဟိုဒင်း . . . တတ်နိုင်သလောက်”

“ကုန်ကုန်ပြောမယ်၊ နင့်ဘူးတောင်းခြောက်လုပ်ထားတဲ့ ဘူးသီးလည်း ဓာတ်မြေဩဇာ လွတ်မယ်ထင်လို့လား၊ ပိုးသတ်ဆေးလွတ်မယ် ထင်လို့လား”

“. . .”

“မယောင်ရာကို ဆီမလူးနဲ့၊ သေမှာကို ရှောင်လို့မရဘူး၊ သေတတ်အောင် ပြင်ထားဖို့သာ အရေးကြီးတာဟဲ့ . . . မှတ်ထား၊ ဘူးတောင်းခြောက်လုပ်မယ့်အစား ဘုရားတရားလေးလုပ်၊ အသက်လည်း မငယ်တော့ဘူး၊ မိန်းမယူမှာဖြင့်လည်း ယူ၊ မဟုတ်ရင်လည်း သေဖို့သာ ပြင်ထားပေတော့ ငါ့သားရယ်”

မောင်ဖိုးချိုလည်း ဘူးတောင်းခြောက်ကိုကိုင်ရင်း ငိုင်ရှာ၏ ။

မျက်စိမှိတ်၍ ဘုရားအာရုံပြုမိသော် ဒေါက်ချာနှင့် ရသေ့ကြီးက မျက်ခုံးတစ်ဘက်ပင့်ပြလေသည်။

(ယက္ခ) ရဲကြီး

၁၅၊ ၅၊ ၂၀၁၅။